Press Release 12/ 2007 (88)
The 88 Generation Students
88generation@gmail.com
June 4, 2007
Rangoon (Yangon), Burma (Myanmar)

Date: 4th June 2007
Ref: 12/ 2007 (8)

# The 88 Generation Students Call on China and Russia to Help National Reconciliation and Democratization in Burma

(1) Today, we, the 88 Generation Students send letters to Chinese President Hu Jintao and Russian President Vladimir Putin, through their embassies in Rangoon/ Yangon.

(2) In the letters, we express our dissatisfaction over their decisions to reject a resolution on Burma/ Myanmar at the UN Security Council on 12 January 2007. The proposed non-punitive resolution was intended to encourage the State Peace and Development Council (SPDC) (the ruling military government) to take necessary steps towards national reconciliation and democratization and to strengthen the Secretary-General good offices mission in Burma/ Myanmar. Although nine countries, a majority of the Security Council voted in favor of the resolution, Russia and China rejected it by exercising their veto powers.

(3) By doing so, China and Russia missed an opportunity to respond to the situation in our country constructively, collectively and effectively within the United Nations frame-work. Further, they have unintentionally made the SPDC to convince that it can defy the international community with the strong backing of China and Russia. Therefore, now, we are witnessing the SPDC’s increased attack, arbitrary arrest and unfair imprisonment on peaceful democracy activists more brutal and more severe than before.

(4) Recently, the whole international community, including the United Nations, ASEAN, European Union, Japan, Canada, the United States, Australia, and many nations around the world have called on the SPDC to release Daw Aung San Suu Kyi and all political prisoners. Sadly, China and Russia refused to join with the rest of the international community, although they have claimed that they want to see the prosperity, stability, and political solution in Burma. Therefore, the SPDC decided to ignore the good-will of the international community and extended Daw Aung San Suu Kyi’s detention for another year on May 25, 2007. The repeated call from the People’s Representatives-elect to start a meaningful political dialogue with the SPDC for national reconciliation is also turned down again.

(5) In the letters, we, the 88 Generation Students call on the President Hu Jintao of China and President Vladimir Putin of Russia to join together with international community, if they really want to see the prosperity and stability of the people of Burma. We believe that with their close relationship with the SPDC and their leading roles in the international community, they are now in the best position to help realizing of national reconciliation and democratization in Burma/ Myanmar by urging the SPDC to take steps recommended by numerous UN General Assembly resolutions.

The 88 Generation Students
Rangoon, Burma

Note: Letters to President Hu Jintao and President Vladimir Putin are enclosed.

# မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖေါ်ဆောင်ရေးတွင်
# တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ကူညီရန်တောင်းဆိုကြောင်း
# ၈၈ မျိုးဆက်ကျောင်းသားများ၏ သတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။ ၄၊ ဇွန်၊ ၂၀၀၇
စာအမှတ်။ ။ ၁၂ / ၂၀၀၇ (၈၈)

၁။ ကျွန်ုပ်တို့ ၈၈ မျိုးဆက်ကျောင်းသားများအနေဖြင့် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာသံရုံးများမှတဆင့်၊ တရုတ်နိုင်ငံ သမ္မတဟူကျင်းတောင်နှင့် ရုရှားနိုင်ငံသမ္မတ ဗလာဒီမီယာပူတင် တို့ထံ (၂၀၀၇)ခုနှစ်၊ ဇွန်လ (၁) ရက်၊ နေ့စွဲဖြင့် စာများပေးပို့ခဲ့သည်။

၂။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်၊ (၂၀၀၇)ခုနှစ်၊ ဇန္နဝါရီလ၊(၁၂)ရက်နေ့က မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုကို ကန့်ကွက်ခဲ့ခြင်းနှင့်ပတ်သက်၍ စိတ်မကောင်းဖြစ်ခဲ့ရကြောင်း ထိုပေးစာများတွင်ဖေါ်ပြခဲ့ပါသည်။ အရေးယူအပြစ်ပေးသည့်သဘော မသက်ရောက်သည့် ယင်းအဆိုပြုချက်တွင် လက်ရှိမြန်မာနိုင်ငံ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) အစိုးရအား မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖေါ်ဆောင်ရေး၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်ရေး၊ လိုအပ်သည့်ခြေလှမ်းများ စတင်ဖေါ်ဆောင်ရန် ရည်ရွယ်ခဲ့ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် အများစုဖြစ်သော၊ (၉) နိုင်ငံက ထောက်ခံမဲပေးခဲ့သော်လည်း၊ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ဗီတိုအာဏာသုံး၍ ကန့်ကွက်ခဲ့ပါသည်။

၃။ ဤသို့ ကန့်ကွက်ခဲ့ခြင်းအားဖြင့်၊ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည်၊ မြန်မာနိုင်ငံအခြေအနေများနှင့် ပတ်သက်၍ ကုလသမဂ္ဂလုပ်ငန်းမူဘောင်များအတွင်း အပြုသဘော ထိရောက်စွာပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းတစ်ခု ဆုံးရှုံးခဲ့ရပါသည်။ ထို့အပြင် မြန်မာနိုင်ငံ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) အစိုးရအနေဖြင့် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့၏ ထောက်ခံမှုဖြင့် နိုင်ငံတကာမိသားစုအား အာခံဖီဆန်စေသည့်သဘော သက်ရောက်ခဲ့ပါသည်။ ထို့ကြောင့်လည်း ယခုအခါ ငြိမ်းချမ်းစွာ ဒီမိုကရေစီအရေးလှုပ်ရှားနေကြသူများအပေါ် မတရားသဖြင့် ဖမ်းဆီးထောင်ချမှု၊ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုများ ယခင်ကထက် တိုးများလာသည်မှာ၊ ကျွန်ုပ်တို့ ကိုယ်တွေ့ဖြစ်သည်။

၄။ မကြာသေးမီကပင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၊ အာဆီယံနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ဂျပန်၊ ကနေဒါ၊ သြစတြေးလျ၊ အမေရိကန်ပြည်ထောင်စု အပါအဝင် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံတကာမိသားစုကြီးက၊ ဒေါ်အောင်ဆန်းစုကြည် နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးရန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရအား တောင်းဆိုခဲ့ကြပါသည်။ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့အနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးဖြေရှင်းမှု၊ ကြွယ်ဝချမ်းသာမှု၊ တည်ငြိမ်မှုတို့ မြင်တွေ့လိုပါသည်ဟု၊ ပြောကြားနေခဲ့သော်လည်း၊ နိုင်ငံတကာမိသားစုနှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းပယ်ခဲ့သည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံအစိုးရက နိုင်ငံတကာမိသားစု၏ စိတ်စေတနာကိုလစ်လျူရှုပြီး ဒေါ်အောင်ဆန်းစုကြည်ကို တစ်နှစ်ထပ်မံ၍သက်တမ်းတိုးချုပ်နှောင်ခဲ့ပါသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အဓိပ္ပါယ်ရှိသော တွေ့ဆုံဆွေးနွေးမှုများစတင်ရန် တောင်းဆိုနေမှုကိုလည်း ထပ်မံပယ်ချခဲ့ပါသည်။

၅။ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးသောဆက်ဆံရေး၊ နိုင်ငံတကာတွင် ဦးဆောင်မှုအခန်းကဏ္ဍတို့ကြောင့် မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖေါ်ဆောင်ရေး၊ ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်များ စတင်အကောင်အထည်ဖေါ်နိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရအား တိုက်တွန်းရန် အကောင်းဆုံးအခြေအနေဖြစ်သည်ဟု ကျွန်ုပ်တို့ ၈၈ မျိုးဆက်ကျောင်းသားများမှ ယုံကြည်သည်။ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့အနေဖြင့် မြန်မာနိုင်ငံတည်ငြိမ်မှုနှင့် ကြွယ်ဝချမ်းသာမှုကို အမှန်တကယ်တွေ့မြင်လိုပါက နိုင်ငံတကာမိသားစုနှင့် လက်တွဲဆောင်ရွက်ပါရန် တရုတ်နိုင်ငံသမ္မတဟူကျင်းတောင် နှင့် ရုရှားနိုင်ငံ သမ္မတ ဗလာဒီမီယာပူတင် တို့အား ကျွန်ုပ်တို့၏စာတွင် တောင်းဆိုထားပါသည်။

၈၈ မျိုးဆက်ကျောင်းသားများ